ကုရ်အာန်ကျမ်းမြတ်ကို ရွတ်ဖတ်သော မုအ်မင်န်၏ပမာကားကျွဲကောသီးကဲ့သို့ပင်ဖြစ်သည်။ ကျွဲကောသီးမှာ

အနံ့လည်းကောင်း၏။ အရသာလည်းကောင်း၏။ ကုရ်အာန်မဖတ်သောမုအ်မင်န်၏ပမာကား စွန်ပလွံသီးကဲ့သို့ဖြစ်၏။

စွန်ပလွံသီးမှာ အနံ့မရှိသော်လည်း အရသာရှိ၏။

အဘူမူစာအရှ်အရီ (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။
ကုရ်အာန်ကျမ်းမြတ်ကို ရွတ်ဖတ်သော မုအ်မင်န်၏ပမာကား
ကျွဲကောသီးကဲ့သို့ပင်ဖြစ်သည်။ ကျွဲကောသီးမှာ အနံ့လည်းကောင်း၏။ အရသာလည်းကောင်း၏။ကုရ်အာန်မဖတ်သော မုအ်မင်န်၏ပမာကား စွန်ပလွံသီးကဲ့သို့ဖြစ်၏။ စွန်ပလွံသီးမှာ
အနံ့မရှိသော်လည်း အရသာရှိ၏။ ကုရ်အာန်ဖတ်သော မုနာဖိက်၏ပမာကား
မွှေးသောပန်းကဲ့သို့ဖြစ်၏။ အနံ့ကောင်းသော်လည်း အရသာခါး၏။ ကုရ်အာန်မဖတ်သော
မုနာဖိက်အယောင်ဆောင်၏ ပမာကား ကျီးအာသီးနှင့်အလားတူ၏။ အနံ့လည်းမရှိ၊
အရသာလည်းခါး၏။
[صحيح] [متفق عليه]

ကျမ်းမြတ်ကုရ်အာန် ဖတ်ရွတ်ခြင်းနှင့် ထိုကျမ်းမြတ်ဖြင့် အကျိုးခံစားရာ၌လူအမျိုးမျိုးရှိကြောင်း တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)ကရှင်းပြတော်မူခဲ့သည်။ ပထမအမျိုးအစားမှာကျမ်းတော်မြတ်ကုရ်အာန်ကိုဖတ်ရွတ်ပြီးအကျိုးခံစားသော မုအ်မင်န်ဖြစ်သည်။ သူသည်ကျွဲကောသီးကဲ့သို့ဖြစ်သည်။ ကျွဲကောသီးသည် အနံ့လည်းကောင်း၏။ အရသာလည်းကောင်း ၏။အရောင်လည်းလှ၏။ ကျွဲကောသီး၏ကောင်းကျိူးများစွာရှိ၏။ ယင်းမုအ်မင်မင်န်သည် ကျွဲကောသီးနှင့်တူရခြင်းမှာ ဖတ်ရွတ်ထားသည့်အတိုင်း အမလ်ကျင့်သုံးလေ့ရှိပြီးအလ္လာဟ်အရှင်မြတ်၏ကျေး ကျွန်များကိုလည်း ကောင်းကျိုးပြုသောကြောင့်ဖြစ် သည်။ဒုတိယအမျိုးအစားမှာ ကျမ်းတော်မြတ်ကုရ်အာန်ကို မရွတ်ဖတ်သော မုအ်မင်န်ဖြစ်သည်။ သူသည်စွန်ပလွံသီးကဲ့သို့ဖြစ်၏။ စွန်ပလွံသီးမှာ အနံ့မရှိသော်လည်း အရသာရှိ၏။စွန်ပလွံသီး၏အထဲ၌ ချိုသောအရသာရှိသကဲ့သို့ ကျမ်းတော်မြတ်ကုရ်အာန်ကို မရွတ်ဖတ်သောမုအ်မင်န်၏နှလုံးသားတွင် အီမာန်ရှိသည်။ သို့သော် စွန်ပလွံသီးသည်လူအများနမ်းရှုပ်နိုင်သည့် ရနံ့မရှိသကဲ့သို့ ကျမ်းတော်မြတ်ကုရ်အာန်ကို မရွတ် ဖတ်သောမုအ်မင်န်၏ထံမှ လူသားများကလည်း ယင်းကျမ်းတော်မြတ်ကုရ်အာန်ကို နားထောင်ပြီးစိတ်တည်ငြိမ်အေးချမ်းမှုကို ရရှိနိုင်မည်မဟုတ်ပေ။ တတိယအမျိုးအစားမှာကုရ်အာန်ဖတ်သောမုနာဖစ်က်၏ပမာကား မွှေးသောပန်းကဲ့သို့ဖြစ်၏။ အနံ့ကောင်းသော်လည်းအရသာခါး၏။ ဤသို့ပင် မုနာဖိက်သည် အီမာန်ယုံကြည်မှုဖြင့် မိမိ၏နှလုံးသားကိုပြုပြင်ပြောင်းလဲမှုမပြုခဲ့ပေ။ သူသည် ကျမ်းတော်မြတ်ကုရ်အာန်အတိုင်းလိုက်နာကျင့်သုံးမှုလည်းမပြုခဲ့ပေ။ ၎င်းအပြင် မိမိသည် မုအ်မင်န်ပါဟု

https://sunnah.global/hadeeth/my/show/6258

النجاة الخيرية
ALNAJAT CHARITY
لجنة الدعوة الإلكترونية
EDC E-Da'wah Committee